ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၃၆ ) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – ဦးဇော်ခိုင်ထွေး |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – ဦးဇော်ခိုင်ထွေး<br>အမှတ်(၁၉၉)၊ ၁၇ လမ်း၊ ရွာသစ်ရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – ကျောက်မီးသွေးသန့်စင်သည့်လုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | – အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – (၂.၁၇) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်–၂၆၊ ကြပ်စခန်းကျေးရွာအနီး |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | – စတင်ထုတ်ပေးရက် – ၁၉-၁၁-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် – ၁၈-၁၁-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | – ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၁၅-၈-၂၀၂၄ ရက်စွဲပါစာဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)"** |



၁၈.၁၁.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင် ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆)လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီး ဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**ဦးဇော်ခိုင်ထွေးမှ ကျောက်မီးသွေး သန့်စင်စက်ရုံလုပ်ငန်း စီမံကိန်းအကြောင်းအရာ**

၁။ ဦးဇော်ခိုင်ထွေးမှ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ ကြပ်စခန်းကျေးရွာအနီးတွင် တည်ရှိပြီး မြေဧရိယာ (၂.၁၇)ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောက်မီးသွေးသန့်စင်စက်ရုံလုပ်ငန်းအတွက် တတိယပုဂ္ဂိုလ်များဖြစ်သည့် ဦးအောင်အောင်၊ ဦးအောင်မင်းပိုင်၊ ဦးဇင်လင်းထိုက်တို့မှ ပြုစုသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC)ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဇော်ခိုင်ထွေး၊ အမှတ် (၁၉၉)၊ ၁၇ လမ်း၊ ရွာသစ်ရပ်ကွက်၊မကွေးမြို့၊ မကွေးတိုင်းဒေသကြီး၊ ဖုန်းနံပါတ် ၀၉ ၄၃၀၇၀၆၄၆၊ ၀၉ ၇၉၁၅၀၁၅၀၀ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ကျောက်မီးသွေးသန့်စင်ခြင်းလုပ်ငန်းစဉ်တွင် ကုန်ကြမ်းကျောက်မီးသွေးများအား Conveyor Belt ဖြင့် ပို့ဆောင်ခြင်း၊ ကြိတ်ခွဲစက်တွင် ကျောက်မီးသွေးကုန်ကြမ်းများအား ကြိတ်ခွဲခြင်း၊ ကြိတ်ခွဲပြီး ကျောက်မီးသွေးအား ရေဖြင့် သန့်စင်ခြင်း၊ လှုပ်ဇကာဖြင့် သန့်စင်ခြင်းနှင့် သန့်စင်ပြီး ကျောက်မီးသွေးအား စုပုံခြင်း စသည်တို့ ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းအတွက် လိုအပ်သည့် ကုန်ကြမ်းကျောက်မီးသွေးကို သတ္တုတွင်းခွင့်ပြုမိန့်အမှတ် (၀၀၀၈/၂၀၁၄) ရရှိထားသည့် သုခပံသုသတ္တုတူးဖော်ရေးကုမ္ပဏီ၏ ကြပ်စခန်းဒေသရှိ ကျောက်မီးသွေးလုပ်ကွက် (၁) မှ ရယူပါကြောင်း၊ အဆိုပါလုပ်ကွက်အတွက်လည်း EMP ကို အတည်ပြုရရှိထားပြီး ဖြစ်ပါကြောင်း၊ ကျောက်မီးသွေးကုန်ကြမ်းအား လုပ်ငန်းလည်ပတ်သည့်ကာလ တစ်လလျှင် ပျမ်းမျှတန် (၁၅၀) ခန့် အသုံးပြု၍ Conveyor အနီးတွင် စုပုံထားရှိပါကြောင်း၊ ဝန်ထမ်းအင်အား ၉ ဦးဖြင့် တစ်ရက်လျှင် ၈ နာရီကြာ အလုပ်ချိန်အဖြင့် သတ်မှတ်ထားပါကြောင်း၊ ယာဉ်ယန္တရားအသုံးပြုမှုအနေဖြင့် ကျောက်မီးသွေးကြိတ်စက် (70 ton/day) ၁ လုံး၊ ကျောက်မီးသွေးသန့်စင်စက် (70 ton/day)၊ ဆက်စပ်ကွန်ဗေယာ ၂ လုံး၊ မီးစက် (50 kVA) ၂ လုံး အသုံးပြုမည် ဖြစ်ကြောင်း၊ ကုန်ချောထွက်ရှိမှုအနေဖြင့် ပုံမှန်လုပ်ငန်းဆောင်ရွက်ပါက တစ်လလျှင် ပျမ်းမျှတန် (၁၀၀)ခန့် ထွက်ရှိပါကြောင်းနှင့် စီမံကိန်းအတွက် လိုအပ်သည့်ရေအား စီမံကိန်းအနီးရှိ ခဲကောက်ချောင်းရေမှ ရေကို ရယူပြီး တစ်လလျှင် ရေဂါလန် (၂၀,၀၀၀)ခန့်နှင့် ဝန်ထမ်းသုံးရေအနေဖြင့် တစ်လလျှင် ရေဂါလန် (၁,၃၅၀) ခန့် အသုံးပြုပါကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ ကြပ်စခန်းကျေးရွာအနီးတွင် တည်ရှိပြီး မြေဧရိယာ (၂.၁၇)ဧကပေါ်တွင် တည်ရှိပါသည်။

**ဦးဇော်ခိုင်ထွေးမှ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ ကြပ်စခန်းကျေးရွာအနီးတွင် တည်ရှိပြီး မြေဧရိယာ (၂.၁၇)ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောက်မီးသွေးသန့်စင်စက်ရုံ လုပ်ငန်းအတွက် စီမံကိန်းတည်နေရာပြမြေပုံ**




Figure 1. စီမံကိန်း၏တည်နေရာပြမြေပုံ (20°48'48.39"N 96°26'58.62"E)

ဦးဇော်ခိုင်ထွေးမှ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ ကြပ်စခန်းကျေးရွာအနီးတွင် တည်ရှိပြီး မြေဧရိယာ (၂.၁၇)ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောက်မီးသွေးသန့်စင်စက်ရုံ လုပ်ငန်းအတွက်

Factory Layout Plan



ဦးဇော်ခိုင်ထွေးမှ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ ကြပ်စခန်းကျေးရွာအနီးတွင် တည်ရှိပြီး မြေဧရိယာ (၂.၁၇)ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောက်မီးသွေးသန့်စင်စက်ရုံ လုပ်ငန်းအတွက် စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၁၅-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၉၄၄/၂၀၂၄) ဖြင့် တင်ပြလာသည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** ကျောက်မီးသွေးသန့်စင်ခြင်း လုပ်ငန်းစဉ်တွင် ကုန်ကြမ်းကျောက်မီးသွေးများအား Conveyor Belt ဖြင့် ပို့ဆောင်ခြင်း၊ ကြိတ်ခွဲစက်တွင် ကျောက်မီးသွေးကုန်ကြမ်းများအား ကြိတ်ခွဲခြင်း၊ ကြိတ်ခွဲပြီး ကျောက်မီးသွေးအား ရေဖြင့် သန့်စင်ခြင်း၊ လှုပ်ဇကာဖြင့် သန့်စင်ခြင်းနှင့် သန့်စင်ပြီး ကျောက်မီးသွေးအား စုပုံခြင်းတို့ ဖြစ်ကြောင်း ဖော်ပြထားသည့်အတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းများ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖုန်နှင့် အမှုန်အမွှားများ ထွက်ရှိမှု လျှော့ချနိုင်ရေး ကုန်ကြမ်းနှင့် ကုန်ချောများ တင်/ချသည့် အချိန်တွင် စက်ရုံဝန်းအား ရေဖျန်းခြင်း ဆောင်ရွက်ရန်၊

(၂) စီမံကိန်းတွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများအား ကြံ့ခိုင်မှု ရှိစေရေး ပုံမှန်စစ်ဆေးရန်၊

(၃) စက်ရုံဝန်းနှင့် ခြံစည်းရိုးတို့တွင် သီးပင်စားပင်များအပါအဝင် အရိပ်ရ သစ်ပင်များအား လေကာတန်းသဖွယ် စိုက်ပျိုးရန်၊

(၄) လူနေရပ်ဝန်းနှင့် ဈေး၊ စာသင်ကျောင်းနှင့် ဘာသာရေးအဆောက်အဦများကဲ့သို့ ထိခိုက်ခံစားလွယ်သည့် ဧရိယာများသို့ စီမံကိန်း၏ကားများ ဖြတ်သန်းမောင်းနှင်ရာတွင် ဖြည်းဖြည်းမောင်းနှင်ခြင်း၊ သတ်မှတ်အမြန်နှုန်းအတွင်းသာ မောင်းနှင်ခြင်းနှင့် အရက်သေစာသောက်စားပြီး ယာဉ်မောင်းနှင်မှု မပြုစေရေး အထူးဂရုပြုကြီးကြပ်ရန်၊

(၅) စက်ရုံအဆောက်အဦများအတွင်း လေဝင်/လေထွက် ကောင်းမွန်မှုရှိအောင် စီမံဆောင်ရွက်ရန်၊

(၆) ကုန်ကြမ်းကျောက်မီးသွေးမှ ဖုန်နှင့် အမှုန်အမွှားများ လွင့်ပါမှု မရှိစေရေး စနစ်တကျ စုပုံရန်နှင့် ခြောက်သွေ့ရာသီတွင် ကုန်ကြမ်းပုံအား တစ်နေ့နှစ်ကြိမ် ရေဖျန်းရန်၊

(၇) ဝန်ကျင်လေထုအတွင်း ထုတ်လွှတ်မှုနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်ပါ သတ်မှတ်စံနှုန်းအတွင်း ရှိစေရေး အလေးထား ဆောင်ရွက်ရန်။

(ဃ) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** စွန့်ပစ်ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) ကျောက်မီးသွေးသန့်စင်ရာမှ ထွက်ရှိသည့် လုပ်ငန်းသုံးစွန့်ပစ်ရေများအား သန့်စင်ကန်များ အဆင့်ဆင့် ဖြန်သန်းစေပြီး နောက်ဆုံးကန်မှ ရေကြည်အား ကျောက်မီးသွေး ရေဆေးသည့် လုပ်ငန်းတွင် ရေပြန်စနစ်ဖြင့် ပြန်လည် အသုံးပြုရန်၊

(၂) ရေချိုသယံဇာတအသုံးပြုမှု လျှော့ချနိုင်ရေး လိုသလောက်ရေအား အနည်းဆုံး ပမာဏကိုသာ ခဲကျောက်ချောင်းရေမှ ရယူသုံးစွဲရန်၊

(၃) စီမံကိန်း၏ လုပ်ငန်းခွင်သုံး စွန့်ထုတ်သည့် ရေများအား ချောင်း/မြောင်းများ အတွင်းသို့ တိုက်ရိုက်စွန့်ထုတ်မှု မပြုဘဲ Treatment ကန်များ တည်ဆောက်၍ ဖြတ်သန်းစေပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်တန်ဖိုးများအတွင်း ရောက်ရှိအောင် ပြုလုပ် ပြီးမှသာ စွန့်ထုတ်ရန်၊

(၄) စီမံကိန်း၏ စွန့်ပစ်ရေအရည်အသွေးအား (၆)လ တစ်ကြိမ် အမြဲမပြတ် စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအနီးရှိ ခဲကောက်ချောင်းရေ အရည်အသွေးအား စီမံကိန်း၏ အောက် ဘက်နေရာတွင် (၆) လတစ်ကြိမ် အမြဲမပြတ် စစ်ဆေးရန်၊

(၆) စီမံကိန်းမှ ချိုးရေ၊ သုံးရေအဖြစ် အသုံးပြုသည့် တောင်ဝမ်းတွင်းချောင်းရေ အရည်အသွေးအား (၆)လ တစ်ကြိမ် အမြဲမပြတ် စစ်ဆေးရန်၊

(၇) စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် ရေအရင်းအမြစ်နှင့် ဝေးရာ နေရာများတွင် စုပုံရန်၊

(၈) ဝန်ထမ်းအိမ်ယာနှင့် စားဖိုဆောင်မှထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား စုဆောင်းသိုလှောင်ခြင်းနှင့် စီမံကိန်းမှ မစွန့်ပစ်မီ လိုအပ်ပါက သင့်တော်သည့် နည်းလမ်းအသုံးပြု၍ သန့်စင်ရန်၊

(၉) ဒီဇယ်/ Engine Oil စသည့် အန္တရာယ်ရှိပစ္စည်းများ သိုလှောင်ထိန်းသိမ်းခြင်း အတွက် သီးသန့်နေရာ သတ်မှတ်ထားရှိခြင်းနှင့် ဖိတ်စင်မှု မရှိစေရေး ဂရုပြု ကိုင်တွယ်ထိန်းသိမ်းရန်၊

(၁၀) အန္တရာယ်ရှိ ပစ္စည်းများအား လုပ်သားများ ကိုင်တွယ်အသုံးပြုရာတွင် မြေပေါ် သို့ ဖိတ်စင်ကျရောက်မှု မရှိစေရေး ဂရုပြုဆောင်ရွက်ရန်နှင့် မတော်တဆ ဖိတ်စင်ပါက ချက်ချင်းသန့်ရှင်းရေးပြုလုပ်ရန်၊

(၁၁) စွန့်ပစ်ရေစွန့်ထုတ်ရာ၌ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်တန်ဖိုးများနှင့်အညီ ရှိစေရေး ဆောင်ရွက်သွားရန်။

(င) **မြေဆီလွှာစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းကျောက်မီးသွေးစုပုံကွင်းအား မိုးရေနှင့် အခြားစီးဆင်းရေများ စိမ့်ဝင်မှု မရှိစေရေး အောက်ခင်းအား ကွန်ကရစ်ခင်းရန်၊

(၂) ကွန်ကရစ်အခင်းတွင် ရေမြောင်းများ ထည့်သွင်းတည်ဆောက်၍ စီးဆင်းသည့် ရေများအား Treatment ကန်များ ပြုလုပ်၍ စုဆောင်ရန်နှင့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်တန်ဖိုးများအတွင်း ရောက်ရှိမှသာ ပြင်ပသို့ စွန့်ပစ်ရန်၊

(၃) မြေဆီလွှာအရည်အသွေးထိခိုက်မှုနှင့် စပ်လျဉ်း၍ Canadian Soil Quality Guideline ပါ ပါရာမီတာ၏ စံသတ်နှုန်းအတွင်း ရှိစေရေး အလေးထား လိုက်နာ ဆောင်ရွက်ရန်။

(စ) **ဆူညံသံ၊ တုန်ခါမှုနှင့် အနံ့ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ အသုံးပြုသည့် မီးစက်အား အသံလုံအဆောက်အဦဆောက်လုပ်၍ အသုံးပြုရန်နှင့် အသံလုံ နံရံများ တည်ဆောက်ထားရှိရန်၊

(၂) လုပ်သားများအား နားအကာအကွယ်ပစ္စည်းများနှင့် PPEs များ ထောက်ပံ့ ထားရှိရန်၊

(၃) အသံဆူညံမှုနှင့် တုန်ခါမှုအား လျှော့ချနိုင်ရေး စက်ပစ္စည်းကိရိယာများကို ပုံမှန်ကြံခိုင်မှု ရှိစေရေး စစ်ဆေးရန်၊

(၄) အသံဆူညံမှုမြင့်မားသည့် လုပ်ငန်းခွင်တွင် တာဝန်ကျသည့် လုပ်သားများကို အဆိုင်းများခွဲ၍ အလှည့်ကျ အနားယူစေခြင်းများ ဆောင်ရွက်ရန်၊

(၅) အသံဆူညံမှု၊ တုန်ခါမှုနှင့် အနံ့ထွက်ရှိမှု အခြေအနေအား စက်ကိရိယာများဖြင့် တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှု စစ်ဆေးရန်၊

(၆) အသံဆူညံမှုနှင့် အနံ့ဆိုင်ရာတို့အား NEQEG ပါ သတ်မှတ်စံနှုန်းအတွင်း တွင်သာ ရှိစေရေး အလေးထားဆောင်ရွက်ရန်။

(ဆ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) လုပ်သားများအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော အစားအစာနှင့် သောက်ရေသန့်များ ပံ့ပိုးပေးရန်၊

(၂) ကျန်းမာရေးအတွက် First AID Kit ထားရှိပြီး ဆေးဝါးအလုံအလောက် ထားရှိ ရန်၊

(၃) စီမံကိန်းရှိ လုပ်သား (၉) ဦးအတွက် လူမှုဖူလုံရေးအဖွဲ့ဝင်ခြင်းနှင့် လူမှုဖူ လုံရေး၏ ကျန်းမာရေး စောင့်ရှောက်မှုကို ပုံမှန်ခံယူခြင်းများ ဆောင်ရွက်ရန်၊

(၄) အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန စသည့် ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ လုပ်သားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရေးပေါ် အခြေအနေတုံ့ပြန်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုအပ်သည့် သင်တန်းများ ပို့ချခြင်းများ ဆောင်ရွက်ရန်၊

(၅) လုပ်သားများအား လိုအပ်သည့် PPE များ ပံ့ပိုးပေးခြင်းနှင့် ပူပြင်းသည့် ရာသီတွင် ဓာတ်ဆားဖျော်ရည်များ အခမဲ့တိုက်ကျွေးခြင်းများ ဆောင်ရွက်ရန်၊

(၆) မီးငြိမ်းသတ်ခြင်းများကို ပုံမှန်ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်၊

(၇) မီးဘေးအန္တရာယ် ကြုံတွေ့ပါက ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များနှင့် မီးသတိပေးဆိုင်းဘုတ်များကို ချိတ်ဆွဲ ထားရှိရန်၊

(၈) မီးစက်ပတ်လည်တွင် အသံလုံအဆောက်အဦနှင့် နံရံများ ကာရံထားရှိရန်၊

(၉) လုပ်သားများအား နားအကာအကွယ်ပစ္စည်းများ၊ PPEsများ ထောက်ပံ့ပေးရန်၊

(၁၀) အသံဆူညံမှုနှင့် တုန်ခါမှုအား လျှော့ချနိုင်ရေး စက်ပစ္စည်းကိရိယာများကို ပုံမှန် ကြံခိုင်ရေး စစ်ဆေးရန်၊

(၁၁) စက်ရုံအဆောက်အဦအတွင်း လေဝင်/လေထွက် ကောင်းမွန်အောင် စီမံဆောင်ရွက်ရန်၊

(၁၂) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်အမှိုက်များအား စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်း/ ပြန်လည်ရောင်းချခြင်းနှင့် ထွက်ရှိမှု အနည်းဆုံးဖြစ်စေရေး အလေ့အကျင့်ကောင်းများ ကျင့်သုံးရန်၊

(၁၃) ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ ကြုံတွေ့ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ထားရှိရန်၊

(၁၄) အရေးပေါ် အခြေအနေ ကြုံတွေ့ပါက လိုက်နာဆောင်ရွက်ရမည့် Safe Cards များနှင့်အညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေးခြင်းနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်။

(ဇ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးလောင်ကျွမ်းမှု ဖြစ်စေနိုင်သော ပစ္စည်းကိရိယာများအား စနစ်တကျ သိုလှောင်သိမ်းဆည်းခြင်း၊ ကိုင်တွယ်ခြင်းနှင့် အညွှန်းများ တပ်ခြင်းတို့ ဆောင်ရွက်ထားရှိရန်၊

(၂) မီးလောင်ကျွမ်းမှု ဖြစ်ပေါ်စေနိုင်သော သိုလှောင်ရုံများ၊ ပစ္စည်းကိရိယာများ အနီးတွင် ဆေးလိပ်သောက်ခြင်းကို တင်းကြပ်စွာတားမြစ်ရန်နှင့် စက်ရုံဝန်းအတွင်း ဆေးလိပ်သောက်ရန်နေရာ သီးခြားသတ်မှတ်ထားရှိရန်၊

(၃) အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဝါယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများကိုသာ အသုံးပြုရန်နှင့် ပုံမှန်စစ်ဆေးပြုပြင်ထိန်းသိမ်းရန်၊

(၄) စီမံကိန်းဧရိယာအတွင်း မီးလောင်ကျွမ်းနိုင်သော ပစ္စည်းများနှင့် အမှိုက်များကို စုပုံထားရှိခြင်းမှ ရှောင်ရှား၇ာန်နှင့် စနစ်တကျ ခွဲခြားစွန့်ပစ်သွားရန်၊

(၅) စီမံကိန်းဧရိယာအတွင်း လုံလောက်သော မီးသတ်ဆေးဗူးများ၊ မီးသတ်ရာတွင် အထောက်အကူပြုသည့် ပစ္စည်းကိရိယာများနှင့် မီးသတ်ရေလှောင်ကန်တို့ကို ထားရှိရန်၊

(၆) မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်ဆက်သွယ်နိုင်သော မီးသတ်ဦးစီးဌာန၏ ဖုန်းနံပါတ်နှင့် လိပ်စာများကို အလွယ်တကူသိမြင်နိုင်သော နေရာများတွင် ထားရှိရန်၊

(၇) အရေးပေါ် ကယ်ဆယ်ရေးလမ်းကြောင်းများနှင့် စုဝေးရာနေရာများအပါအဝင် အစီရင်ခံတင်ပြခြင်းနှင့် မီးဘေးအန္တရာယ်တုံ့ပြန်ရေးအတွက် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများကို ပြုစုရေးဆွဲထားရှိရန်၊

(၈) မီးဘေးအန္တရာယ် စီမံခန့်ခွဲခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအတွက် ဝန်ထမ်းများအား သီးခြားတာဝန်ပေးအပ်ခြင်း၊ သင်တန်းများပေးခြင်းနှင့် ပုံမှန်အစီရင်ခံတင်ပြသွားရန်၊

(၉) စောင့်ကြပ်ကြည့်ရှုမှုရလဒ်များနှင့် လျော့နည်းစေရန် ဆောင်ရွက်မည့် နည်းလမ်းများကို အများပြည်သူသိရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် သင့်လျော်သော နည်းလမ်းဖြင့် ဖော်ထုတ်တင်ပြရန်နှင့် အကြံပြုချက်များ ရယူခြင်းတို့ကို ပုံမှန်ဆောင်ရွက်သွားရန်၊

(၁၀) မီးဘေးအန္တရာယ် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိခိုက်မှုလျော့နည်းစေရေး နည်းလမ်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အဆိုပြု စီမံကိန်းမှ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ လုပ်ငန်း/ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(၁၁) လုပ်သားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ သင်တန်းများ ပို့ချပေးရန်၊

(၁၂) လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ရှိသည့် ဓာတုပစ္စည်းများနှင့် ပတ်သက်၍ လုပ်သားများအား သတင်းပေးခြင်းနှင့် သင်တန်းများပို့ချရန်၊

(၁၃) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံကိန်းတွင် အရံမီးသတ်တပ်ဖွဲ့အား ဖွဲ့စည်းထားရှိရန်၊

(၁၄) အာဏာပိုင်အဖွဲ့အစည်းများမှ အခါအားလျော်စွာ လာရောက်စစ်ဆေးခြင်းကို ကြည်ဖြူစွာ ခံယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။

(ဈ) **လုပ်ငန်းလည်ပတ်သည့်ကာလအတွင်းစောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ 20° 48' 47.80" N 96° 26' 54.65" E တွင် $PM_{10}$, $PM_{2.5}$, $SO_2$, CO, $NO_2$, SO2, 03 တို့ကို (၆) လလျှင်တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စောင့်ကြပ်ကြည့်ရှုရန်၊

(၂) စီမံကိန်းအတွင်း ဆူညံသံအား 20° 48' 47.80" N 96° 26' 58.50" E တွင် (၆) လလျှင်တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ နိုင်းယှဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ တောင်ဝမ်းတွင်းချောင်း (20°48' 45.60"N 96°26'54.65" E) နှင့် ခဲကောက်ချောင်း (20° 48' 49.27" N 96° 26' 58.75" E) နေရာတို့တွင် Temperature, pH, COD, BOD, Total Dissolved Solid, , Turbidity, DO, Conductivity တို့ကို (၆) လလျှင်တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ နှင့်အညီ စောင့်ကြပ်ကြည့်ရှုရန်၊

(၄) စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ စွန့်ပစ်မည့်အမှိုက်နေရာ စနစ်တကျ ထားရှိ၍ အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်မရှိ စွန့်ပစ္စည်းဟူ၍ ခွဲခြားပြီး စနစ်တကျ စွန့်ပစ်ရန်၊

(၅) လုပ်ငန်းခွင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ စီမံကိန်းအနီး ဆေးပေးခန်းထားရှိ၍ လုပ်သားများအား ကျန်းမာရေး စောင့်ရှောက်မှုကို နေ့စဉ်ဆောင်ရွက်ပေးရန်၊

(၆) မီးဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ မီးသတ်ဆေးဗူး၊ ပိုက်များအား စီမံကိန်းအတွင်းထားရှိ၍ တစ်လတစ်ကြိမ် စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်သွားရန်။

(ည) လုပ်ငန်းပိတ်သိမ်းသည့်ကာ စောင့်ကြပ်ကြည့်ရှု့မည့်အစီအစဉ်။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ 20° 48' 47.80" N 96° 26' 54.65" E တွင် $PM_{10}$, $PM_{2.5}$, $SO_2$, CO, $NO_2$, SO2, O3 တို့ကို (၆) လလျှင်တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့်အညီ စောင့်ကြပ်ကြည့်ရှုရန်၊

(၂) စီမံကိန်းအတွင်း ဆူညံသံအား 20° 48' 47.80" N 96° 26' 58.50" E တွင် (၆) လလျှင်တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ နိုင်းယှဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ တောင်ဝမ်းတွင်းချောင်း (20°48' 45.60" N 96°26'54.65" E) နှင့် ခဲကောက်ချောင်း (20°48'49.27" N 96°26' 58.75"E) နေရာတို့တွင် Temperature, pH, COD, BOD, Total Dissolved

Solid, Turbidity, DO, Conductivity တို့ကို (၆) လလျှင်တစ်ကြိမ် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် အညီ စောင့်ကြပ်ကြည့်ရှုရန်၊

(၄) စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ စွန့်ပစ်မည့်အမှိုက်နေရာ စနစ်တကျ ထားရှိ၍ အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်မရှိ စွန့်ပစ္စည်းဟူ၍ ခွဲခြားပြီး စနစ်တကျ စွန့်ပစ်ရန်၊

(ဠ) **စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအစီအစဉ်။** စွန့်ပစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါ အတိုင်း ဖော်ပြထားပါသည်-

(၁) စီမံကိန်းမှ ထွက်ရှိလာသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများအား ခွဲခြား၍ ပြန်လည်အသုံးပြု၍ ရသော စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုသွားရန်နှင့် အသုံးပြု၍ မရသော ပစ္စည်းများအား စနစ်တကျ စွန့်ပစ်သွားရန်၊

(၂) အမှိုက်ပုံးများအား အရည်အသွေး ပြည့်မီသော အမှိုက်ပုံးများ ထားရှိ၍ အညွှန်း များ တပ်ဆင်၍ စနစ်တကျ ထားရှိရန်နှင့် လုပ်ငန်းခွင်အတွင်း အမှိုက်မီးရှို့ ခြင်းတို့ကို ဆောင်ရွက်ခြင်း မပြုရန်၊

(၃) စီမံကိန်း၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် လုပ်သားများမှ ထွက်ရှိလာသည့် ဘေးအန္တရာယ်ရှိနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ကျေးရွာမှ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ လိုက်နာစွန့်ပစ်ရန်၊

(၃) စွန့်ပစ်ပစ္စည်းစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိခိုက်မှုလျော့နည်းစေရေးနည်းလမ်း များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပေါင်းစပ်ထိခိုက်မှုများ မဖြစ်ပေါ် စေရေး အဆိုပြု စီမံကိန်းမှ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်နှင့် သက်ဆိုင် ရာ လုပ်ငန်း/ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ် ပစ္စည်းမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဃ) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။ ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

( င) လျာထားအသုံးစရိတ်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှု မရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၁၉,၁၀၀,၀၀၀) သိန်းခန့်အား လျာထားသုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၅,၉၀၀,၀၀၀) သိန့်ခန့်အား လျာထားသုံးစွဲရန်။

(ဈ) လုပ်ငန်းပိတ်သိမ်းခြင်းအဆင့် သက်ရောက်မှု လျှော့ချမည့်အစီအစဉ်။ စီမံကိန်းပိတ်သိမ်းခြင်းကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးအတွက် စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လ ကြိုတင်၍ပိတ်သိမ်းမည့်အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါစည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။ အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီ ဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံ အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ

နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးလုပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်များ အတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်း ဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှု လျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်းသို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စောင့်ကြပ် ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ စုပေါင်းအစီအမံတွင်

သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်းထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှုကုန်ကျစရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လုပ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၄) အသုံးပြုကုန်ကြမ်းများနှင့် စက်ပစ္စည်းများ ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပြန်လည်တင်ပြရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့် စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာ ဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ် သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင် သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင် အသိ ပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များ အကောင် အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးအပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ

ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရမည်၊

(ဖ) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(ဗ) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရမည်၊

(ဘ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင်အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုများ၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင်

တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့်လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ စောင့်ကြပ်ကြည့်ရှုရန် သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များ။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦး တင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်ပြရန်။

(ဆ) ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။ စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ် / မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့အကြောင်းကြားရမည်။

(ဇ) လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။ လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကြောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့

အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်း

များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှရရှိသော ရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့်နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြား ရေးသားသဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ်တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေး ဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြား မည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင် ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက် နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာ များကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်း ခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက် ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ အောက်ဖော်ပြပါ အချက် တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်း အဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံ

လက်မှတ်သက်တမ်း မကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန်ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည် ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြ ရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိ ရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုး သက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊

တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံး ရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံး စရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

အထွေထွေစည်းကမ်းချက်များ

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်း တစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

.....................................................................................